# ၈၃ ကြိမ်မြောက်ကြက်ခြေနီဗဟိုကောင်စီ
# အထူးထုတ် ကြက်ခြေနီသတင်းလွှာ




သတင်းလွှာအမှတ်-၀၀၄၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၄ ရက်။

## World First Aid Day

"ရှေးဦးပြုစုအလေ့အကျင့်များ ကပ်ရောဂါအလိုက်ပြင်ဆင်သွား"

"Adapting First Aid practices to the Pandemic"

၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာ ၁၂ ရက်။







မြန်မာနိုင်ငံကြက်ခြေနီအသင်း (၁၃) ကြိမ်မြောက် ကြက်ခြေနီ ညီလာခံသက်တမ်း (၂၀၂၀-၂၀၂၂) အတွက် ဗဟိုကောင်စီဖွဲ့စည်းခြင်းနှင့် ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်နေ့ နံနက် (၉:၃၀) အချိန်တွင် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းဗဟိုဌာန (၂)တွင် ပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် ညီလာခံယာယီသဘာပတိဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအက်စ်ကျော်လှမှ ၁၃ ကြိမ်မြောက်ကြက်ခြေနီ ညီလာခံ သက်တမ်း (၂၀၂၀-၂၀၂၂) အတွက် ကြက်ခြေနီလှုပ်ရှားမှုနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ကိုယ်စားလှယ်များ စုစုပေါင်း (၆၇) ဦးအား ကြက်ခြေနီဗဟိုကောင်စီဝင်များ အဖြစ် အတည်ပြုခြင်း၊ ယင်းတို့အနက်မှ အဆိုပြုထားသည့် အလုပ်အမှုဆောင် (၁၁) ဦးကို Electronic Voting စနစ်ဖြင့် ဆန္ဒမဲပေးရွေးချယ်ခဲ့ကြပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။







မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌဒေါက်တာမောင်မောင်မြင့် ဦးဆောင်သော အဖွဲ့ဝင်များသည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့ရှိ အမေရိကန်ကြက်ခြေနီအသင်း ရုံးချုပ်တွင် ၂၀၂၀ ပြည့်နှစ် မတ်လ (၄) ရက်နေ့က အမေရိကန်ကြက်ခြေနီအသင်းမှ ချီးမြှင့်သည့် "အပြည်ပြည်ဆိုင်ရာ လူမှုကရုဏာ လုပ်ငန်းဆု (The International Humanitarian Services Award)" ကို အသင်း ကိုယ်စားလက်ခံရယူခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။



မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့် ဦးဆောင်သောအဖွဲ့ဝင်များသည် ဆွစ်ဇလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ကျင်းပသည့် (၃၃)ကြိမ်မြောက် ကြက်ခြေနီနှင့်လခြမ်းနီအသင်းများအထွေထွေညီလာခံ၊ ကောင်စီအစည်းအဝေးနှင့် (၂၂) ကြိမ်မြောက် ကြက်ခြေနီကွန်ဖရင့်သို့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၃) ရက်နေ့မှ (၁၂) ရက်နေ့အထိ တက်ရောက်ခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။

# မိတ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သွေးလှူဒါန်းခြင်း



နေပြည်တော်

၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်နေ့က အသင်းဥက္ကဋ္ဌနှင့်ကြက်ခြေနီလှုပ်ရှားမှုမှတာဝန်ရှိသူများသည် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ချင်းတွင်းခန်းမတွင် ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံပြီး နိုင်ငံအတွင်း လူမှုကရုဏာ လုပ်ငန်းများ ဆောင်ရွက် နေမှုကို ရှင်းလင်းဆွေး နွေးခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။



ချင်းပြည်နယ်

၂၀၂၀ ပြည့်နှစ်၊ မတ်လ (၁၂) ရက်နေ့က ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များအား အသင်း ဥက္ကဋ္ဌနှင့် အဖွဲ့သွားရောက် တွေ့ဆုံခဲ့ပြီး ပြည်နယ်အတွင်း လူမှုကရုဏာလုပ်ငန်းများ ပံ့ပိုးနိုင်ရန် အတွက် ဆွေးနွေး တင်ပြခဲ့ ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။



ရန်ကုန်တိုင်း

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့က ရန်ကုန်ရုံးခွဲတွင် အသင်း အချိန်ပြည့် အလုပ်အမှုဆောင်နှင့်တာဝန်ရှိသူများ သည်တရုတ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌခေါင်းဆောင်သောအဖွဲ့ဝင်များကို လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံအမျိုးသားအသင်းအကြား ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။



ရန်ကုန်တိုင်း


၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့က ရန်ကုန်ရုံးခွဲတွင် အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ Programme Officer အား လက်ခံတွေ့ဆုံပြီး ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ဆွေးနွေး ခဲ့ကြပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။

ကြက်ခြေနီလှုပ်ရှားမှု၏ အခြေခံမူ ၇ ချက်ကို ၁၉၆၅ ခုနှစ်ကတည်းက စတင်ပြဋ္ဌာန်းခဲ့ကြပြီး အမျိုးသား အသင်းများအားလုံးနည်းတူ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည်လည်း အခြေခံမူများကို လိုက်နာ ကျင့်သုံးလျက်ရှိသည်။

အခြေခံမူ ၇ ချက်

- လူသားချင်းစာနာထောက်ထားခြင်း
- ခွဲခြားမှုမရှိခြင်း
- ကြားနေခြင်း
- လွတ်လပ်ခြင်း
- စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း
- စည်းလုံးညီညွတ်ခြင်း
- ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်း






ရှမ်းပြည်နယ် (တောင်ပိုင်း)

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့က တောင်ကြီး တက္ကသိုလ် ကြက်ခြေနီအသင်းခွဲမှ(၁၃) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲပြုလုပ်ခဲ့ရာ ကြက်ခြေနီစေတနာလုပ်အားရှင်များမှ စုပေါင်း သွေးလှူဒါန်းခဲ့ကြပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။



မွန်ပြည်နယ်

၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ ၂၄ ရက်နေ့ က မွန်ပြည်နယ်၊ မော်လမြိုင်ရှိရွှေလမင်း ဆေးရုံတွင် အရေးပေါ်လိုအပ်နေသည့် သွေးသန့်(၂)လုံးကို ကြက်ခြေနီစေတနာလုပ်အားရှင်(၂) ဦးက သွားရောက်လှူဒါန်းခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။



ရန်ကုန်တိုင်း

၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၀ ရက်နေ့က ရန်ကုန်တိုင်းရှိ ဗဟို အမျိုးသမီးဆေးရုံတွင် ဆေးကုသမှု ခံယူနေသည့် လူနာတစ်ဦး အရေးပေါ်သွေးလိုအပ်နေသည့်အတွက် ကြက်ခြေနီစေတနာလုပ်အားရှင် (၁) ဦးက လှူဒါန်းခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။




မန္တလေးတိုင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့က နည်းပညာ တက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ကြက်ခြေနီအသင်းခွဲမှ (၁၀ ကြိမ်မြောက် စုပေါင်းသွေး လှူဒါန်းပွဲပြုလုပ် ခဲ့ရာ စုစုပေါင်း ၁၂၀ ကျော် ပါဝင်လှူဒါန်းခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။



# COVID-19 ကာကွယ်ရေးအတွက် နိုင်ငံတစ်ဝန်းလှုပ်ရှားဆောင်ရွက်ခြင်း



## ဌာနချုပ်

နိုင်ငံတစ်ဝန်းတွင်ဆောင်ရွက်လျက်ရှိသည့် COVID-19ရောဂါကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စေရန်အတွက် ပြည်နယ်တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေးများကို ပြုလုပ်လျက်ရှိပြီး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအပေါ်တွင် အသင်းဌာနချုပ်အနေဖြင့် ပံ့ပိုးပေးနိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

သတင်းအပြည့်အစုံကိုယခုနေရာတွင်နှိပ်ပါ။



## မွန်ပြည်နယ်

၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၄ ရက်နေ့က မွန်ပြည်နယ်၊ မော်လမြိုင်တွင် ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူးတို့ ဦးဆောင်ပြီး လူစည်ကားရာနေရာများနှင့် ဈေးများတွင် COVID-19 ရောဂါ ကာကွယ်ရေးလှုပ်ရှားမှု အဖြစ် နှာခေါင်းစည်းများ၊ လက်သန့်ဆေးများနှင့်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။




## ရခိုင်ပြည်နယ်

စနစ်တကျလက်ဆေးနည်း
လက်တွေ့သရုပ်ပြသပေးခြင်း



## ကချင်ပြည်နယ်

စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာအားပေးကူညီခြင်း



## ရှမ်းပြည်နယ် (မြောက်ပိုင်း)

အဝတ်နှာခေါင်းစည်းများ
ချုပ်လုပ်ဖြန့်ဝေခြင်း



## နေပြည်တော်

အသိပညာပေးပိုစတာများကပ်ခြင်း



## ရန်ကုန်တိုင်း

အခြေခံပညာသင်ကျောင်းများတွင်
လက်ဆေးဘေဆင်များတပ်ဆင်ခြင်း



## မန္တလေးတိုင်း

သဘာဝဘေးအန္တရာယ်ကြောင့် ယာယီနေရပ်
စွန့်ခွာစခန်းများတွင် အသိပညာပေးခြင်း



## ဧရာဝတီတိုင်း

လက်ကိုင်စကားပြောအသံချဲ့စက်ဖြင့်
အသိပညာပေးခြင်း



## ရှမ်းပြည်နယ် (အရှေ့ပိုင်း)

နယ်စပ်ဂိတ်များတွင်
နေရပ်ပြန်ပြည်သူများအား ကူညီခြင်း




## ပဲခူးတိုင်း

စာသင်ကျောင်းများသို့ နှာခေါင်းစည်းနှင့်
လက်သန့်ဆေးရည်များ ဖြန့်ဝေခြင်း



## စစ်ကိုင်းတိုင်း

နှာခေါင်းစည်းများဖြန့်ဝေခြင်း




### COVID-19 Preparedness & Response Activities

| | | | |
|---|---|---|---|
| 41872 | Assist MoHS in Quarantine Center | 3424 | Psychosocial Support (PSS) |
| 17578 | Temperature screening activity | 17914 | Risk Communication and Community Engagement (RCCE) |
| 5366 | Assist MoHS in disinfectant spraying activity | 341 | Assist in Transportation for Quarantined People |



## ရှမ်းပြည်နယ် (တောင်ပိုင်း)

မြို့အဝင်ဂိတ်များတွင်
ကိုယ်အပူချိန်တိုင်းတာခြင်း



## ချင်းပြည်နယ်

အခြေခံပညာသင်ကျောင်းမှ ဆရာ/ဆရာမများအား
အသိပညာဖြန့်ဝေခြင်း




## ကရင်ပြည်နယ်

နယ်စပ်ဂိတ်များတွင်
ကိုယ်အပူချိန်တိုင်းတာခြင်း



## ကယားပြည်နယ်

အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရေး
စခန်းများတွင် ပိုးသတ်ဆေးဖျန်းခြင်း



## မကွေးတိုင်း

မျက်နှာကာများပြုလုပ် ဖြန့်ဝေပေးခြင်း




## တနင်္သာရီတိုင်း

လူစည်ကားရာနေရာများတွင်
အသိပညာပေးခြင်းများပြုလုပ်ခြင်း

# သဘာဝဘေးအန္တရာယ်နှင့် ပဋိပက္ခများကြား ကူညီဆောင်ရွက်မှုများ

## ကြိုတင်ပြင်ဆင်ခြင်း



### ဌာနချုပ်

၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၂ ရက်နေ့က ရန်ကုန်မြို့တွင် ပြုလုပ်သည့် Pre-Disaster Meeting ဖွင့်ပွဲတွင် အချိန်ပြည့်အလုပ်အမှုဆောင်မှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် ဆွေးနွေးခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။



### ရှမ်းပြည်နယ် (အရှေ့ပိုင်း)

၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်နေ့က တာချီလိတ်မြို့နယ်တွင် အသည်းရောင် အသားဝါ (B) ပိုးကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။



### မန္တလေးတိုင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့က ရတနာပုံတက္ကသိုလ်တွင် ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌမှ ကြက်ခြေနီအကြောင်းသိကောင်းစရာကို တက်ရောက်လာကြသည့် လူဦးရေ (၃၅၀) ဦးအား ဟောပြောခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။



### တနင်္သာရီတိုင်း

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၄ ရက်နေ့က ထားဝယ်မြို့နယ်ရှိလမ်းမသစ်(ကျန်းမာရေး)တွင် စုပေါင်း သစ်ပင်စိုက်ပျိုးခဲ့ကြပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။

## ကြိုတင်ပြင်ဆင်ခြင်း



### စစ်ကိုင်းတိုင်း

၂၀၂၀ ပြည့်နှစ်၊ မေလ ၁၉ ရက်နေ့က ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်း ပြုလုပ်ခဲ့ပါသည်။


သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။



### မွန်ပြည်နယ်

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့က မော်လမြိုင်မြို့နယ်တွင် ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးရလဒ်များနှင့် ဘေးလျော့ပါးရေးဆိုင်ရာ ဟောပြောပွဲနှင့် အသိပညာပေးကမ်ပိန်းကို မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။



### မကွေးတိုင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့က သရက်မြို့ အခြေခံပညာသင်ကျောင်းတွင် ပြုလုပ်သည့် လျှောင်ဘေး သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့်ဟောပြောပွဲတွင် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။




### ရန်ကုန်တိုင်း

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့က လူငယ်မှ တဆင့် ငြိမ်းချမ်းရေးကို ဦးတည်သည့် အပြုအမူပိုင်းဆိုင်ရာ ပြောင်းလဲမှုများ အသိပညာဖြန့်ဝေသူ သင်တန်း (YABC Peer Educator) ကို သင်တန်းသား/သူ ၂၄ ဦး တက်ရောက်ခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။

## တုံ့ပြန်ဆောင်ရွက်ခြင်း



### ကချင်ပြည်နယ်

၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့က ဖားကန့်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး လူနေအိမ်များ ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ရာ ရေဘေးသင့်ပြည်သူများအတွက်ကြက်ခြေနီစေတနာလုပ်အားရှင်များမှ အစားအစာများဖြန့်ဝေပေးခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။




### ပဲခူးတိုင်း

၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်နေ့က အမြန်လမ်းပေါ်တွင် ယာဉ်မတော်တဆဖြစ်ပွားခဲ့ရာ ၁၁၅ မိုင် အရေးပေါ်ရှေးဦးပြုစုခြင်းစခန်းမှ မိတ်ဖက်အဖွဲ့အစည်းများနှင့် သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။



### ရှမ်းပြည်နယ် (တောင်ပိုင်း)

၂၀၂၀ ပြည့်နှစ်၊ မတ်လ ၇ ရက်နေ့က ယာဉ်တိမ်းမှောက်မှုတွင် ထိခိုက်ဒဏ်ရာရသူများအား ရှေးဦးပြုစုပေးခြင်း၊ ဆေးရုံသို့ပို့ဆောင်ပေးခြင်းနှင့် နေအိမ်များသို့ အကြောင်းကြားခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။



### ကယားပြည်နယ်

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့က လွိုင်ကော်-ဖားဆောင်းလမ်းတွင် ဆိုင်ကယ်တိမ်းမှောက်ဒဏ်ရာရှိသူအား ရှေးဦးပြုစုပေးခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။

ကျေးဇူးတင်ခြင်း - မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများကို မြို့နယ်ကြက်ခြေနီအသင်းခွဲများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုမိတ်ဖက်အသင်းများ၊ ဒေသတွင်း၊ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာမှ အလှူရှင်များသာမက၊ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကဏ္ဍရှိမိတ်ဖက်များ၊ တစ်သီးပုဂ္ဂလများ စသည်တို့မှ ပံ့ပိုးကူညီပေးခြင်းဖြစ်သည့်အတွက် အထူးကျေးဇူးတင်ရှိပါသည်။

## သဘာဝဘေးအန္တရာယ်နှင့် ပဋိပက္ခများကြား ကူညီဆောင်ရွက်မှုများ

### တုံ့ပြန်ဆောင်ရွက်ခြင်း



**ကရင်ပြည်နယ်**

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့က ဖာပွန်မြို့နယ်တွင် အခမဲ့ ခြေတုပြုပြင်ခြင်းများကို ဘားအံ ခြေတုလက်တုပြန်လည်သန်စွမ်းရေးစင်တာ (HORC)မှ တာဝန်ရှိသူများသည် ခြေတုပြုပြင်သူ (၇၀) ဦး အား အခမဲ့ပြုလုပ်ပေးခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။



**ချင်းပြည်နယ်**

၂၀၂၀ ပြည့်နှစ်၊ မေလ ၃၀ ရက်နေ့က ပလက်ဝမြို့နယ်၊ ဆမီးမြို့ရှိ တိုက်ပွဲရှောင်အိမ်ထောင်စုပေါင်း ၇၂၈ စုအတွက် အရေးပေါ်ထောက်ပံ့ပစ္စည်းများကို မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနှင့် အတူ ပေးအပ်ခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။



**နေပြည်တော်**

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်နေ့က နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ဖက်တဲကုန်းကျေးရွာတွင် သောက်သုံးရေပြတ် လပ်နေသည့် ပြည်သူများအတွက် သောက်သုံးရေသန့် များ ဖြန့်ဝေပေးခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။



**ရခိုင်ပြည်နယ်**

၂၀၂၀ ပြည့်နှစ်၊ မေလ ၂၁ ရက်နေ့က သံတွဲမြို့၊ မြပြင်ရပ်ကွက်တွင် မီးလောင်မှုကြောင့် နေအိမ်ဆုံးရှုံးသွားသော အိမ်ထောင်စုအား အရေးပေါ် ထောက်ပံ့ပစ္စည်းများသွားရောက်ပေးအပ်ခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။





**ရန်ကုန်တိုင်း**

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့က ရန်ကုန်တိုင်း၊ ပုသိမ်မြို့တွင် အရေးပေါ်ကွပ်ကဲမှုစင်တာဖွင့်ပွဲ အခမ်းအနားပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးနှင့် အသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

အဆိုပါ အဆောက်အဦကို တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဂျဲမိုးမြတ်မြတ်သူနှင့် တာဝန်ရှိသူများ၊ အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်အမယာမော်နိုင်နှင့် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးမန်းကြည်ရွှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။

ဆက်လက်ပြီး COVID-19 ရောဂါကာကွယ်ရေးတွင် တက်ကြွစွာလှုပ်ရှားဆောင်ရွက်နေကြသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။




တစ်ကိုယ်ရည်
သန့်ရှင်းရေးသုံးပစ္စည်း
၁၃၉ ပုံး




မွေးကင်းစကလေး
ငယ်သုံးပစ္စည်း
၁၀ ခု




ရေသန့်စက် ၂ ခု




**ရှမ်းပြည်နယ် (မြောက်ပိုင်း)**



၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့က လားရှိုးမြို့နယ်ရှိ ပန်ဟုန်း၊ လွယ်တောက်၊ မန်ပြိန်း၊ နမ်ကျတ်ကျေးရွာများမှ နေရပ်စွန့်ခွာ ပြည်သူများအတွက် မိုင်းအန္တရာယ်အသိပညာပေးခြင်းများ ပြုလုပ်ခဲ့ပြီး အရေးပေါ်လိုအပ်သည့်တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း (တစ်လစာ) ၁၃၉ ပုံး၊ မွေးကင်းစကလေးငယ်သုံးပစ္စည်း ၁၀ ခုနှင့် ရေသန့်စက် ၂ ခု တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။

**သိုလှောင်ရုံတည်နေရာပြမြေပုံ**
**(စုစုပေါင်း ၂၄ နေရာ)**




> ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၉ ရက်နေ့
> အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားသောနေ့
> #RealLifeHeroes
> #အစစ်အမှန်ဘဝထဲကသူရဲကောင်းများ


**ဒေါ်ရွှေစင်ကျော်စိုး**
ညွှန်ကြားရေးမှူး
လူမှုကရုဏာလုပ်ငန်းဆိုင်ရာပြန်ကြားဆက်သွယ်ရေးဌာန။
ဖုန်း - ၀၉ ၉၇၇ ၁၁၅၆ ၀၁


www.facebook.com/info.mrcs

www.twitter.com/MyanmarRedCross

# နိုင်ငံတစ်ဝန်းရှိ COVID-19 နှင့် အခြား လူမှုကရုဏာလုပ်ငန်း တုံ့ပြန်ဆောင်ရွက်ရေးလှုပ်ရှားမှုများအတွက် လှူဒါန်းခြင်း



၂၀၂၀ ပြည့်နှစ် ဩဂုတ်လ (၁၂) ရက်နေ့က နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရုံး၌ ပြုလုပ်သည့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကောင်မတီထံသို့ ရောဂါကာကွယ်ရေးနှင့် ကုသရေး ပစ္စည်းများလှူဒါန်းခြင်း အခမ်းအနားပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အမေရိကန်ကြက်ခြေနီအသင်းတို့ တက်ရောက်ပြီး ပစ္စည်းများလှူဒါန်းခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် အသင်းဥက္ကဋ္ဌနှင့် အမေရိကန်ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများတက်ရောက်ပြီး တစ်ကိုယ်ရည်ရောဂါကာကွယ်ရေးဝတ်စုံ (၆၀၀) နှင့် အသက်ရှူစက် (၃) ခုတို့ကို မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အမေရိကန်ကြက်ခြေနီအသင်းတို့မှ လှူဒါန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံရရှိခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။

## Distributed Items to Community

Period : 1.1.2020 to 16.9.2020
Source : https://www.redcross.org.mm/my_MM/mrcs-covid-19-dashboard/

384.09K | 52.95K | 692 | 295.38K | 37.18K | 40.2K | 22.92K

| State/ Region | Face Mask | Hand Sanitizer | Hygiene Kits | Pamphlet: Hygiene Promotion | Poster: Hygiene Promotion | Soap | Sticker: Hygiene Promotion | Total |
|---|---|---|---|---|---|---|---|---|
| Yangon | 104232 | 6884 | 70 | 24918 | 3528 | 1023 | 2480 | 143135 |
| Tanintharyi | 9483 | 936 | 16 | 32884 | 9324 | 835 | 744 | 54222 |
| Shan (south) | 3535 | 76 | 185 | 1000 | 60 | 340 | 40 | 5236 |
| Shan (North) | 45757 | 561 | 104 | 2441 | 235 | 293 | | 49391 |
| Shan (East) | 2520 | 216 | 33 | 18840 | 1012 | 80 | 455 | 23156 |
| Sagaing | 10151 | 41 | | 13170 | 1610 | 1000 | 9378 | 35350 |
| Rakhine | 75621 | 135 | 150 | 43700 | 3085 | 28837 | 1211 | 152739 |
| Naypyitaw Council | 8300 | 2 | | 2870 | 752 | | 245 | 12169 |
| Mon | 29879 | 19074 | | 23427 | 1632 | 2000 | 941 | 76953 |
| Mandalay | 5100 | 9150 | 3 | 8900 | 400 | | 300 | 23853 |
| Magway | 20236 | 14439 | | 12474 | 3365 | 200 | 351 | 51065 |
| Kayin | 27638 | 168 | | 8839 | 1558 | 398 | 2162 | 40763 |
| Kayah | 253 | 54 | | 650 | 843 | | 696 | 2496 |
| Kachin | 17621 | 165 | 131 | 6989 | 1818 | 130 | 133 | 26987 |
| Chin | 3564 | 173 | | 703 | 1462 | 220 | 1335 | 7457 |
| Bago West | 5498 | 70 | | 43842 | 3145 | 4460 | 740 | 57755 |
| Bago East | 2485 | 116 | | 7369 | 740 | 284 | 220 | 11214 |
| Ayeyarwady | 12216 | 688 | | 42369 | 2610 | 100 | 1489 | 59472 |
| **Total** | **384089** | **52948** | **692** | **295385** | **37179** | **40200** | **22920** | **833413** |



အလှူရှင်များမှ လှူဒါန်းထားသည့် ရောဂါကာကွယ်ရေးသုံးပစ္စည်းများကို ပဲခူးတိုင်းဒေသကြီးအတွင်း COVID-19 ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၇ ရက်နေ့က ဆက်လက်ဖြန့်ဝေခဲ့ပါသည်။

သတင်းအပြည့်အစုံကို ယခုနေရာတွင်နှိပ်ပါ။

## COVID-19 ရောဂါ ကာကွယ်ရေးဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက်လှူဒါန်းခြင်း



၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့က ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ COVID-19ရောဂါကာကွယ်ရေးတွင် အသုံးပြုရန် အတွက် အလှူငွေများ ပေးအပ် လှူဒါန်းခဲ့ပါသည်။

သတင်းကို ယခုလင့်တွင်ကြည့်ပါ။



၂၀၂၀ ပြည့်နှစ်၊ မေလ ၂၁ ရက်နေ့က Wood side Myanmar Pte Ltd မှ COVID-19 ရောဂါ ကာကွယ်ရေးတွင် အသုံးပြုရန်အတွက် အလှူငွေပေးအပ်လှူဒါန်းခဲ့ပါသည်။

သတင်းကို ယခုလင့်တွင်ကြည့်ပါ။

## အခြားလူမှုကရုဏာလုပ်ငန်းများအတွက် လှူဒါန်းခြင်း



၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့က ကျန်းမာရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် City Mart Holding Co.,Ltd မှ အလှူငွေပေးအပ်လှူဒါန်းခဲ့ပါသည်။

သတင်းကို ယခုလင့်တွင်ကြည့်ပါ။




၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၈ ရက်နေ့က ရေဘေးသင့်သူများအတွက် ကူညီထောက်ပံ့ရေးတွင် အသုံးပြုရန်အတွက် Korea Garment Association in Myanamr (KOGAM) မှ လာရောက် လှူဒါန်းခဲ့ပါသည်။ သတင်းကို ယခုလင့်တွင်ကြည့်ပါ။



ဤကြက်ခြေနီသတင်းလွှာတွင် အသင်းမှ နိုင်ငံတစ်ဝန်း လှုပ်ရှားဆောင်ရွက်နေသော လူမှုကရုဏာလုပ်ငန်းများကို လစဉ် ဖော်ပြပေးထားပါသည်။

ဤလင့်ခ်တွင်ကြည့်ပါ။
redcross.org.mm/my_MM/publications






ဤကိုဗစ်-၁၉နှင့် စပ်လျဉ်းသည့် နောက်ဆုံးရသတင်း အချက်အလက်များတွင် အသင်းမှ နိုင်ငံတစ်ဝန်းတွင် လှုပ်ရှားဆောင်ရွက်နေသော လုပ်ငန်းများကိုဖော်ပြပေးထားပါသည်။

ဤလင့်ခ်တွင်ကြည့်ပါ။
redcross.org.mm/my_MM/category/covi d-19/information-material/

ယခု ဝက်ဘ်ဆိုက်သည် ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် သတင်း အချက်အလက်များအပြင် အသင်း၏ အချက် အလက် အကြောင်းအရာများနှင့် အခြားစိတ်ဝင်စားစရာများကို ဖော်ပြထားပါသည်။

ဤလင့်ခ်တွင်ကြည့်ပါ။
redcross.org.mm/my_MM/mrcs-covid-19-dashboard/

DONATE

အသင်းမှ ဆောင်ရွက်လျက်ရှိသည့် လူမှုကရုဏာလုပ်ငန်းများအတွက် လှူဒါန်းမည်ဆိုပါက -

**ဒေါ်မေစန္ဒာမျိုး**
ဌာနမှူး၊ အရင်းအမြစ်စုစည်းအသုံးချရေးဌာန။
ဖုန်း - ၀၉ ၄၂၁ ၁၆၉၅ ၈၉

www.redcross.org.mm